ရန်အောင်စာပေ

# လက်တွေ့ဂါထာမန္တန်များ

နှင့်

# ထူးထူးခြားခြား ပုတီးစိပ်နည်းများ

သုသုက



## နိဒါန်း

# ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓ - သစ္စာလေးပါး၊ မြတ်တရားကို ၊ ပိုင်းခြားထင်ထင် သိမြင့်တော်မူသော မြတ်ဗုဒ္ဓ၏

သာသနံ -ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိ သာသနာတော်၊ ပဋိဝေဒ သာသနာတော်ဟုဆိုအပ်သော အဆုံးအမ သာသနာတော်မြတ်ကြီးသုံးရပ်သည်။

စိရံ - အချိန်ကာလာ အပိုင်းအခြားမရှိ ကြာမြင်စွာ ။

တိဋ္ဌတု - တည်ပါစေသတည်း။

# အောင်ခြင်း မင်္ဂလာဂါထာ

မာရာရိ ဗလ သိဃ္ဃာ၊

ကုဏ္ဍာ နာနာဝိဓာ ယုဓာ။

လဒ္ဓမာနာ ညဝေသေန၊

ဇိန ပါဒါနတာ တဝ။

(လင်္ကာကျမ်း)

မြန်မာပြန်

ဇန = အို…… မြတ်စွာ ဘုရား

နာရာရိဗလဝိဿ ဃ္ဃာ = မာရ်နတ်မင်း၏ စစ်သည်ဗိုလ်ပါအပေါင်းတို့သည် ပစ်လွှတ်အပ်ကုန်သော။

နာနာဝိဓာ = အထူးထူး အပြားပြားများ စွာ ကုန်သော၊

အာယုဓာ = လက်နက်တို့သည်၊

ကုဏ္ဍာ = အစွမ်းသတ္တိ မရှိကြကုန်သည်ဖြစ်၍ ၊

လဒ္ဓာမာနာ = ရှက်စနိုးဖြစ်ကြကုန်လျှက်၊

အညဝေသေန = လက်နက်အသွင်မှ ပြောင်းလဲကြကာ ပန်းပေါက်ပေါက်

အသွင်ဖြင့်၊

တဝ = အရှင်သူမြတ်၏၊

ပါဒနတာ = ခြေတော်ရင်း၌ ဝပ်စင်းကျရောက်လေကုန်ပြီ ။

## အမှာ

ဤဂါထာကို နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အန္တရာယ်ဆိုးအမျိုး မျိုး တို့ မကပ်ရောက်နိုင်၊ ရန်သူတို့ လုပ်ကြံခြင်းငှာ မစွမ်းနိုင်ဘဲ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေနိုင်ပါသည်။ ထို့အပြင် ဤဂါထာသည် မိုးကြိုး လက်နက်ဘေးနှင့် လက်နက်အမျိုး မျိုး တို့မှ ကင်းလွတ်စေသည်။

(လောကီသုတ လင်္ကာရကျမ်း)

# အနော်ရထာမင်းကြီးအား ရှင်အရဟံ
# ရဟန္တာကြီးချီးမြှင့်သော ဂါထာ

အနန္တ ဂုဏ ပမ္ပန္နံ၊ နဝဂုဏောဟိ၊

သဗ္ဗညုဗုဒ္ဓ စေတီယံ၊ အဟံ နမာမိ သဗ္ဗဒါ။

## မြန်မာပြန်

အနန္တ ဂုဏ သမ္ပန္နံ = အဆုံးမရှိသော ဂုဏ်ကျေးဇူးဉာဏ်တော် ထူးနှင့် ပြည်စုံတော်မူ သော။

နဝဂုဏောဟု = အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့ဖြင့် ပြည့်စုံတော်မူ သည်ဖြစ်၍

ဥက္ကဋ္ဌံ = ထူးမြတ်သော သဗ္ဗညုဉေယျမံ တရားအပေါင်းတို့ဖြင့် ပြည့်စုံတော် မူ သော။

ဗုဒ္ဓ = သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား၍ သိတော်မူ သော မြတ်စွာ ဘုရားသခင်၏

စေတီယံ = ဓာတု,ပရိဘောဂ,ဥဒ္ဒိဿ ဓမ္မဟုဆိုအပ်သော စေတီတော်တို့ကို။

အဟံ = ကျွန်ုပ်သည်။

သဗ္ဗဒါ = အခါခပ်သိမ်း။

နမာမိ = ရှိခိုးပါ၏ ။

# အမှာ

ဤဂါထာကို ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးအား ရှင်အရဟံရဟန္တာကိုယ်တော်မြတ်ကြီး ကချီးမြှင့်ပေးအပ်သည့် ဂါထာတော်မြတ်ဖြစ်သည်။

ထို့ကြောင့်ပင် အနော်ရထာမင်းသည် ဘုန်းကြီး၍ အသက်ရှည်ခဲ့သည်။ ရတနာကိုးပါးဖြင့် ပြည်စုံပြည်စုံစွာ နေထိုင်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာကို သာသနာပြု ခဲ့သော မင်းမြတ်တစ်ပါးဖြစ်ခဲ့ သည်။

ဤဂါထာကို နေ့ညမပြတ် ရွတ်ဆိုပူဇော်ခဲ့သော် ရန်ဆူးရန်ငြောင့်တို့ မနှောင့်ယှက်နိုင်ဘဲ စည်စိမ်ဥစ္စာတို့ တိုးတက်နိုင်သည်ဟု မိန့်ဆိုထားသည်။

(လောကီသုတ လင်္ကာရကျမ်း)